# သတင်းအချက်အလက် စီမံခန့်ခွဲမှု ကွန်ယက် - မြန်မာဘာသာအစုအဖွဲ့ အစည်းအဝေး - ၂၇ အောက်တိုဘာ ၂၀၂၁

သဘာပတိ။ ။ ဒေါ်အိအိသိန်း (MIMU)

ပါဝင်သူများ (Acronyms)။ ။ UNHCR, NRC, WF, PNTH, MIMU, ICAP, Ipas, DRC-DDG, UWS, GNI, JOICFP, UNRCO, SP, SARA, Nyein, LWF, UNICEF, CSI, VNG, GLAD, The ILF, MEET, ARC, BS, BIMM, WVM, MDM, WFP, WHH, AHRN, ECDC, MEDG, AN, SCI, AFXB, AMDA, UNFPA, MAM, PCF, Proximity, MSU, KWEG, Malteser, ACF, Jhpiego (54 participants from 45 agencies)

## 1 Camp Profile and Cluster Analysis - UNHCR

Camp profile ဆိုသည်မှာ Camp Coordination Camp Management (CCCM) Cluster လက်အောက်တွင်ရှိသော ပုံမှန် အချက်အလက် ကောက်ယူသော လုပ်ဆောင်မှု ဖြစ်ပြီး လူသားချင်း စာနာထောက်ထားမှု အကူအညီ များ ပေးရာတွင် ပိုမို ညှိနှိုင်းပြင်ဆင် နိုင်စေသော အချက်အလက်များ ပေးနိုင်ရန် ရည်ရွယ်သည်။
IDP camp များ အတွင်းမှ လူပုဂ္ဂိုလ် များ နှင့် စခန်းများ ၏ အခြေအနေ များ ကို camp level / sector cluster level အလိုက်၊ ကဏ္ဍအလိုက် ခွဲခြမ်းစိတ်ဖြာ ၍ သိနိုင်ရန် လုပ်ထားသော အစီရင်ခံစာ ဖြစ်သည်။
အချက်အလက်များ ကို စခန်းများ ကို စီမံသော အေဂျင်စီများ မှ CCCM focal points များ မှ ကောက်ခံပြီး camp manager များ၊ camp ကော်မတီ အဖွဲ့ဝင်/ခေါင်းဆောင်များ၊ IDP စခန်းတွင် နေထိုင်နေကြသူများ ပါဝင်ဖြေဆိုသည်။
Camp profile ကောက်ခံရာတွင် key informant များ ထံမှ ရရှိသော အချက်အလက်များ အပေါ်အခြေခံ သည့် methodology ကို သုံးကာ camp level ကို unit of measurement အနေဖြင့်ထားသည်။ လက်ရှိတွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း တို့တွင် ၆လ တစ်ကြိမ် ကောက်နေပြီး ရခိုင်ပြည်နယ် အလယ်ပိုင်း တွင် ၃လ တစ်ကြိမ် ကောက်နေသည်။ questionnaire ကို implementing partner, cluster member များ နှင့် ညှိနှိုင်း တည်ဆောက်ကာ kobo form ကို သုံး၍ ကောက်ခံသည်။ ထို့နောက် ရ လာသော အချက်အလက်များ ကို Excel ဖြင့် processing ပြုလုပ်၍ powerBI dashboard နှင့်ချိတ်ဆက် ကာ visualization ပြုလုပ်သည်။
ရလဒ်များ၊ dashboards နှင့် အစီရင်ခံစာ များ ကို Shelter Cluster, CCCM Cluster နှင့် MIMU websites များ မှ ဖြန့်ဝေသည်။
ဆက်လက်၍ CCCM Camp Profile တစ်ခု ရရှိရန် လုပ်ဆောင်မှု အဆင့်ဆင့် ကို ပြသခဲ့သည်။ ပထမ အဆင့် တွင် အချက်အလက် ပြင်ဆင်ခြင်း ကို excel, kobo တို့ အသုံးပြု၍ လုပ်ဆောင်သည်။ questionnaire နဲ့ သက်ဆိုင်သော ပြင်ဆင်မှု များ အများဆုံး ပါဝင်သည်။ နောက် အဆင့် ဖြစ်သော ကောက်ခံခြင်း အဆင့်တွင် စခန်းစီမံသော အေဂျင်စီများ မှ kobo ကို သုံး၍ agreed timeframe ဟူ၍ အချိန်သတ်သတ်မှတ်မှတ် ထား၍ကောက်သည်။ ဆက်လက် ၍ အချက်အလက် အရည်အသွေး စီစစ်ရန် အတွက် field IM team မှ ပြင်ဆင် လုပ်ဆောင်သည်။ ထို့နောက် Yangon IM team မှ field team နဲ့ ညှိနှိုင်းကာ dashboard များ ပြင်ဆင်သည်။ နောက်ဆုံး ဖြန့်ဝေခြင်း အဆင့်တွင် website များ၊ အခြား မိတ်ဖက်အဖွဲ့များ၊ field IM နှင့် CCCM team များ ကို ပို့သည်။ ဤ process အသေးစိတ် ကို ပူးတွဲပါ slides များ တွင် ကြည့်ပါ။

Camp profile မှ products များ အနေဖြင့် power BI dashboard ၂ ခု (Thematic Dashboard နှင့် Overview Dashboard) နှင့် အခြား excel static dashboard များ ပါဝင်သည်။

Thematic Dashboard အကြောင်း ကို အသေးစိတ်ရှင်းလင်း ပြသခဲ့သည်။ thematic dashboard သည် camp profile ကို ပညာရေး၊ အစားအစာ၊ ကျန်းမာရေး sectors ကဏ္ဍများ စသည် တို့ဖြင့် ဆန်းစစ်ပြသသော dashboard ဖြစ်သည်။ ပထမဆုံး စာမျက်နှာ မှ အရေးကြီး သော ကိန်းဂဏန်း များ နှင့် ၎င်းတို့ကို ရယူသော ရင်းမြစ်များ (ဥပမာ - cluster analysis report) တို့ အကြောင်း ပြောခဲ့သည်။ အခြား သော sector ဆိုင်ရာ စာမျက်နှာ များ ကို လည်း ဝင်ရောက်ကြည့်နိုင်ပါသည်။

Overview Dashboard တွင် စာမျက်နှာ တစ်မျက်နှာ ထည်းဖြင့် sector များ အားလုံး နှင့် ကိန်းဂဏန်းများ အားလုံး ကို ခြုံငုံ၍ ပြထားသည်။ thematic dashboard နှင့် ယှဉ်လျှင်တော့ အသေးစိတ်မကျပေ။ အပေါ်မှ filter များ ကို သုံး၍ လိုအပ်သော အချက်အလက် ကို ရှာဖွေနိုင်သည်။

ရခိုင်ပြည်နယ် အလယ်ပိုင်း အတွက် ပြုလုပ်ထားသော စာမျက်နှာ လေးမျက်နှာ ရှိ camp profile dashboard ကိုလည်း ပြသခဲ့သည်။ အဆိုပါ dashboard တွင် ထူးခြားသည်မှာ indicators များ အတွက် လျာထားချက် ပြည့်မီမှု ကို အရောင်များ ဖြင့် မြင်သာအောင် ပြထားခြင်းဖြစ်သည်။

Static dashboard များ ကိုလည်း Excel ဖြင့် ပြုလုပ်၍ pdf file များ အနေဖြင့် တင်ထားပေးသည်။ camp တစ်ခု ချင်းအတွက် အသေးစိတ်ပြထားပြီး အလားတူပင် အရောင်အစက်လေးများ သုံး၍ လျာထားချက် ကို ပြသည်။

Cluster Analysis Report (CAR) သည် Shelter-NFI-CCCM Cluster များ မှ အချက်အလက်များ ကို လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ တုန့်ပြန်မှုများ ပိုမို ထိရောက် ကာ ပူးပေါင်းဆောင်ရွက်မှု အားကောင်းရန်အတွက် အရေးကြီးသော သက်သေ ရလဒ်များ အဖြစ် ပြသရန် ဖြစ်သည်။ မြို့နယ်အဆင့် ထိ IDP ဆိုင်ရာ အချက်အလက်များ ပါဝင်ပြီး shelter နှင့် NFI များ ဖြန့်ဖြူးမှု မှ လစ်ဟာမှု များ ကိုလည်း စောင့်ကြည့်မှတ်တမ်းတင်သည်။ အလားတူပင် key informant များ ထံမှ ရရှိသော အချက်အလက်များ အပေါ် အခြေခံ သည့် methodology ကို သုံးကာ camp level ကို unit of measurement အနေဖြင့်ထားသည်။ လက်ရှိတွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း တို့တွင် လစဉ် ကောက်နေပြီး ရခိုင်ပြည်နယ် အလယ်ပိုင်း တွင် ၃လ တစ်ကြိမ် ကောက်နေသည်။ Static dashboard များ နှင့် excel database များ ထွက်သည်။ အဆိုပါ ထုတ်ကုန်များ ကို ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်း စာမျက်နှာ ၊ ရခိုင်ပြည်နယ် အလယ်ပိုင်း စာမျက်နှာ ၊ နှင့် MIMU websites တို့တွင် ရနိုင်သည်။

ဆက်လက်၍ Cluster Analysis တစ်ခု၏ လုပ်ဆောင်မှု အဆင့်ဆင့် ကို ပြသခဲ့သည်။ ပထမဆုံး အချက်အလက် စုဆောင်းခြင်း အဆင့်တွင် field CCCM team မှ ဆိုင်ရာ data များကို စုစည်းပေါင်းစပ်ခြင်း များ ပါဝင်သည်။ အချက်အလက် ထည့်ကာ အရည်အသွေး စစ်ဆေးခြင်း ကို field CCCM team မှ နောက်တစ်ဆင့် တွင် လုပ်ဆောင်သည်။ ထို့နောက် field IM team မှ visualizations များ ကို အချက်အလက် အသစ်များ နှင့် လုပ်၍ field CCCM coordinator မှ စစ်ဆေးကာ အချောသပ်သည်။ နောက်ဆုံး ဖြန့်ချီရေးအဆင့်တွင် website များ နှင့် အခြား ဆက်စပ်သော အဖွဲ့အစည်းများ ကို ပို့ပေးသည်။

မေးခွန်းများ မေး ၍ ဆွေးနွေးရာတွင် camp များ ၏ လူကျပ်သိပ်သည်းမှု ကို တိုင်းတာရန် average camp area per person ဟူသော အညွှန်းကိန်း ကို သုံးကြောင်း၊ IDP များ၏ market access ကို တိုင်းရန် nutrition နှင့်ဆက်စပ်သော ညွှန်းကိန်း လုပ်သင့်ကြောင်း ဆွေးနွေးခဲ့သည်။

## 2 MIMU Photo Archive – MIMU

MIMU Photo Archive သည် မြန်မာနိုင်ငံ တွင် လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးရေး နှင့် ငြိမ်းချမ်းရေး ဆိုင်ရာ အေဂျင်စီ များ ၏ လုပ်ဆောင်မှု များ ကို အားကောင်းသော ဓာတ်ပုံများ ဖြင့် ပြနိုင်ရန် ရည်ရွယ်သည်။ ဤသို့ပြရာတွင် လုပ်ငန်းများသည် ကဏ္ဍတိုင်း၊ နေရာတိုင်း၊ နှစ်ပေါင်းများစွာ လုပ်ဆောင်လာခြင်း ဖြစ်ကြောင်း ကို အဓိက ပြလိုသည်။

MIMU Photo Archive သည် အေဂျင်စီများ ၏ လုပ်ငန်းများ၊ ရလဒ်များ၊ အောင်မြင်မှု များ ကို မျှဝေနိုင်သည့် channel တစ်ခုဖြစ်သည်။ MIMU 3W ကဲ့သို့ လုပ်ငန်းများ ကို မှတ်တမ်းတင်ထားရန်၊ အခြား အေဂျင်စီ များ ၏ လုပ်ငန်းများ ကိုလည်း လေ့လာနိုင်ရန် ဖြစ်သည်။ photo archive သည် သမိုင်းမှတ်တမ်း တစ်ခု အနေဖြင့် ဖြစ်လာနိုင်သည်။

MIMU photo archive ကို အပြည့်အဝ အသုံးချနိုင်ရန် register လုပ်ရန် လိုပါမည်။ register မလုပ်လျှင် ပုံများ ကို thumbnail အနေဖြင့် သာ မြင်ရမည် ဖြစ်ပြီး download မလုပ်နိုင်ပေ။ ဤ account သည် assessment tracking မှ account နှင့် မတူပါ။ register လုပ်ထားသော email ကို ပြောင်းရန် ဆက်သွယ်ရပါမည်။

MIMU photo archive ကို အသုံးပြုရာ တွင် အရေးကြီးသော စည်းကမ်း များ ကို ရှင်းပြခဲ့သည်။ အခြား agency များ ၏ ပုံ များ ကို သင့်တော်ပါ က သုံးနိုင်သော်လည်း စနစ်တကျ credit ပေးရန် အရေးကြီးကြောင်း၊ လူပုံ များ ဖြစ်လျှင် လိုက်နာရမည့် privacy နှင့် consent စသည် တို့ဖြစ်သည်။ အသေးစိတ် ကိုလည်း MIMU Photo Archive Terms and Conditions of Use တွင် ကြည့်နိုင်သည်။

ဆက်လက်၍ ပုံတင်ခြင်း ကို ပြသခဲ့ပြီး အချက်အလက် များ ကို ပြည့်စုံစွာ ထည့်ရန် အရေးကြီးကြောင်း၊ သို့မှသာ credit ပေးခြင်း၊ ပြန်ရှာခြင်း၊ စသည် တို့အတွက် လွယ်ကူမည် ဖြစ်ကြောင်း သတိပေးခဲ့သည်။ ပုံများ ကို galleries/albums များ အနေဖြင့် စုစည်းရာတွင် လည်း အသေးစိတ်များ ထည့်ရန်၊ activity သို့ project တစ်ခုကို gallery တစ်ခုလုပ်ရန် အကြံပေးခဲ့သည်။ ပုံတစ်ပုံ ကို တင်နိုင်သော size သည် Wordpress ၏ ပုံမှန် upload limit (20- 25 MB) ဖြစ်သော်လည်း တောင်းဆိုလာပါက ပြောင်းပေးနိုင်သည်။

ထို့နောက် ပုံများ၊ gallery/album များ ကို အလွယ်တကူ ရှာနိုင်သော filters စနစ် ကို သရုပ်ပြ ခဲ့သည်။ download ဆွဲရာတွင် လည်း မိမိ နှင့် သင့်တော်သော size ကို ရွေးနိုင်သည်။ အဆိုပါ ပုံများ ကို ယူသုံးရာတွင် credit ပေးရုံဖြင့် သုံးနိုင်သော်လည်း agency များ အနေဖြင့် အခြားကန့်သတ်ချက်များ ကို ထားထားနိုင်သည်။ Good faith practice အနေဖြင့် ပုံတင်သော agency ထံသို့ email ပို့စေချင်သည်။

Resources ဟူ၍လည်း photojournalism နှင့် photojournalism in humanitarian context နှင့် သက်ဆိုင်သော ကောင်းနိုးရာရာ များ ကို စုထားပေးသော စာမျက်နှာ ရှိကြောင်း၊ အေဂျင်စီ များ အနေဖြင့် သင့်တော်မည် ဟု ထင်သော resource များ ကို ပို့ပေးပါက အများအတွက် အကျိုးရှိစေရန် တင်ပေးမည် ဖြစ်သည်။

မေးခွန်းများ မေးရာတွင် အောက်ပါတို့ကို ဆွေးနွေးခဲ့သည်။ Photo များ ကို store လုပ်ရာတွင် plan အရ လုံလောက်မှု ရှိကြောင်း ၊ privacy law ပိုင်း ဆိုင်ရာများ ကို စဉ်းစားရန်၊ ပုံများတွင် contact information နှင့် credit ပေးရန် ပုံစံများ ကို ထည့်ထားပေးရန်၊ backup စနစ် တစ်ခု ကို စီစဉ်ရန်၊ လက်ရှိ တွင် agency များ ကို mandatory တင်ခိုင်းရန် အစီအစဉ် မရှိသေးကြောင်း ဆွေးနွေးခဲ့သည်။

## 3 အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ

**UNRCO** - UNRCO သည် မြန်မာနိုင်ငံ တွင် လုပ်ငန်းများ လုပ်ဆောင်နေသော ကုလသမဂ္ဂ အေဂျင်စီ ၂၁ ခု (နိုင်ငံ အဆင့် ၁၉ ခု နှင့် ဒေသတွင်း အဆင့် ၂ခု) တို့ကို ညှိနှိုင်းပေးနေသော အဖွဲ့အစည်း ဖြစ်ပါသည်။ မြေပြင်တွင် တိုက်ရိုက် လုပ်ဆောင်မှု မရှိသော်လည်း စစ်တွေ၊ လားရှိုး နှင့် မြစ်ကြီးနား တို့တွင် ရုံးခွဲငယ် များ ဖွင့်လှစ်ထားပါသည်။ UN country team အေဂျင်စီများ မှ ပြုလုပ်ထားသော အစီရင်ခံစာများ၊ အချက်အလက် များ ကို စုပေါင်း၍ all sector collective resources အနေဖြင့် global level ကို တင်ရပါသည်။

**NRC** - Emergency response အနေဖြင့် shelter ခေါင်းစဉ်အောက်မှ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း ဒေသကြီး အရှေ့ခြမ်း တို့တွင် NFI kit များ၊ hygiene kit များ ဖြန့်ဝေခြင်း တို့ကို လုပ်ဆောင်နေသည်။ Information, counselling and legal assistance (ICLA) အနေဖြင့် Housing, land and property rights (HLP) နှင့် Legal Identity (LID) counseling များ ပြုလုပ်ပေးသည်။ Education ပိုင်း အနေဖြင့် Better Learning Programme ဖြင့် home based learning ဆိုင်ရာ သင်တန်းပေးမှု များရှိသည်။ ထို့အပြင် စက်ချုပ် စက်ပြင် စသည့် vocational training များလည်းပေးနေသည်။ Livelihoods ပိုင်း အနေဖြင့် လယ်သမားများ ကို training များ (business trainings စသည့်) နှင့် grant များပေးသည်။ Protection အောက်တွင် Protection monitoring နှင့် Protection risk assessment များ လုပ်နေသည်။

**CSI** -ရခိုင်ပြည်နယ် မြောက်ပိုင်း ဒေသများတွင် humanitarian ဆိုင်ရာ လုပ်ဆောင်မှု များ ပြုလုပ်နေသည်။ COVID-19 နှင့် ပတ်သက်၍လည်း ပစ္စည်းများ ဖြန့်ဝေခြင်း၊ သင်တန်းပေးခြင်း၊ ပညာပေးခြင်း များရှိသည်။ Social cohesion နှင့် ပတ်သက်၍ သင်တန်းများလည်း ပေးနေသည်။ Non formal education ဖြင့် စာသင်ပေးခြင်း များလည်းလုပ်ဆောင်သည်။ ရခိုင်ပြည်နယ် အလယ်ပိုင်း တွင် life skill သင်တန်းများ၊ GBV နှင့် ပတ်သက်၍ ပညာပေး သင်တန်းများ ပေးသည်။

**WVM** - Programme area 32 ခု တွင် ပုံမှန် လုပ်ငန်းများ လုပ်ဆောင်နေပြီး လက်ရှိတွင် နှစ်စဉ် အစီရင်ခံစာ နှင့် Programme Quality Review ကို ပြင်ဆင်လုပ်ဆောင်နေသည်။ MIMU သို့ 3W အချက်အလက်များ ပေးပြီးဖြစ်သည်။

| | |
|---|---|
| | **MIMU** - 3W အချက်အလက်ပေးသော အဖွဲ့ပေါင်း ၁၅၅ ဖွဲ့ထိရှိပြီ ဖြစ်သည်။ နိုဝင်ဘာ ဒုတိယပတ်တွင် 3W excel data စထွက်လာရန် လျာထားသည်။ မြေပုံ များ ကို နိုဝင်ဘာ တတိယပတ် တွင် စရနိုင်ပါမည်။<br>QGIS training ကို ဤအပတ် တစ်ပတ်လုံး တွင် ပေးနေသည်။ PowerBI training ကို နိုဝင်ဘာလ အစပိုင်းတွင် ပေးပါမည်။ ဒီဇင်ဘာ လ တွင် training များ ကို ခေတ္တနား၍ ၂၀၂၂ ဇန်နဝါရီလ တွင်ပြန်စပါမည်။ Household Amenities နှင့် သက်ဆိုင်သော MIMU Analytical brief အသစ် ကိုလည်း လုပ်ဆောင်နေပြီး products များ အနေဖြင့် report၊ infographics၊ dashboard နှင့် methodology guide များ ထွက်ပါမည်။ |
| 4 | **အခြားဆွေးနွေးမှုများ**<br>နောက်လ meeting ကို နောက်ဆုံး အပတ် ဗုဒ္ဓဟူး နိုဝင်ဘာ ၂၄ ရက်တွင် လုပ်ပါမည်။ |